BURMESE

# သင့်မိသားစုသုံး ဘာသာစကား[များ]ကို ထိန်းသိမ်းခြင်း

သင့်မိသားစုသုံး ဘာသာစကားကို ထိန်းသိမ်းခြင်းသည် နောင်တွင် ဘာသာစကား တိုးတက်ဖွံ့ဖြိုးမှုအားလုံးအတွက် အုတ်မြစ်ချပေးခြင်း ဖြစ်သည်။ သင့်ကလေးသည် ဘာသာစကား ကျွမ်းကျင်သူ စံပြပုဂ္ဂိုလ်များကို တွေ့မြင်၊ ကြားသိပြီး ဆက်သွယ်ရန် အခွင့်အရေးများ ရှိသောအခါ ဘာသာစကားများစွာကို အလွယ်တကူ တတ်မြောက်နိုင်သည်။

ဗစ်တိုးရီးယားပြည်နယ်ရှိ မူလတန်းအကြိုကလေးငယ်များအား သင်ကြားပေးသူ ပညာရှင်များကို *ဗစ်တိုးရီးယားပြည်နယ်သူ၊ ပြည်နယ်သား မူလတန်းအကြို သင်ယူရေးနှင့် တိုးတက်ရေး မူဘောင် (Victorian Early Years Learning and Development Framework)* (VEYLDF) ဖြင့် လမ်းညွှန်ထားသည်။ ယင်းမူဘောင်သည် ဘာသာစကားများစွာ တတ်မြောက်ခြင်းကို အားသာချက်တစ်ခုအဖြစ် အသိအမှတ်ပြုပြီး ကလေးများအား သူတို့၏ မိသားစုသုံး ဘာသာစကား[များ]ကို ထိန်းသိမ်းရန်၊ အင်္ဂလိပ်စာကို ထပ်တိုးဘာသာစကားတစ်ခုအဖြစ် သင်ယူရန်နှင့် ကလေးငယ်များ၏ ပညာရေးနှင့် စောင့်ရှောက်မှု အစီအစဉ်များကို တက်ရောက်စဉ် အင်္ဂလိပ်အပြင် အခြား ဘာသာစကားများကို သင်ယူရန် ပံ့ပိုးပေးမည်ဟု မျှော်လင့်သည်။ (VEYLDF, 2016)။

သင့်ကလေးငယ်အနေနှင့် သူတို့၏ မိသားစုသုံး ဘာသာစကား[များ]ကို ထိန်းသိမ်းပြီး တိုးတက်အောင်လုပ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရှိပါသည်။

- သင့်ကလေးငယ်သည် သင့်မိသားစုသုံး ဘာသာစကားကို အသုံးပြုခြင်းဖြင့် သူတို့၏ သိမြင်မှု ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်းနှင့် တိုးတက်ဖွံ့ဖြိုးခြင်းကို ဆက်လက်ဖြစ်ပေါ်စေနိုင်သည်။
- သင့်မိသားစုသုံး ဘာသာစကား[များ]ကို ထိန်းသိမ်းခြင်းသည် မိသားစု ဆက်ဆံရေးများအတွက် အရေးပါပြီး ချိတ်ဆက်မှုများနှင့် သက်ဆိုင်မှု ခံစားချက်ကို ဖြစ်ပေါ်စေသည်။
- မိသားစုသုံး ဘာသာစကား[များ]သည် သင့်ကလေး၏ မည်သူမည်ဝါ ဖြစ်ကြောင်း ခံယူမှု၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးတို့နှင့် လုံးဝ ဆက်စပ်နေသည်။
- သင့်မိသားစုသုံး ဘာသာစကား[များ]ကို သွက်လက်စွာ ပြောနိုင်ခြင်းဖြင့် သင့်ကလေးသည် အင်္ဂလိပ်စာကဲ့သို့ ထပ်တိုးဘာသာစကားများကို သင်ယူရာတွင် အထောက်အကူပြုပါသည်။

VEYLDF (2016) က ပညာသင်ကြားပေးသူများအား 'မိခင် သို့မဟုတ် မိသားစုသုံး ဘာသာစကားများကို သင်ယူတတ်မြောက်ပြီး ထိန်းသိမ်းခြင်းသည် မိမိမည်သူမည်ဝါ ဖြစ်ကြောင်း ခံယူချက်ကို တည်ဆောက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေသည်' ဟု ရှင်းပြထားသည် (စာမျက်နှာ 18)။ ထို့ကြောင့် ထပ်တိုး ဘာသာစကားအဖြစ် အင်္ဂလိပ်စာကို တိုးတက်စေရန် ပံ့ပိုးရာ၌ အရေးကြီးသည့် အစိတ်အပိုင်းမှာ ဆရာ၊ ဆရာမများနှင့် မိသားစုများအနေဖြင့် ကလေးများအား သူတို့၏ မိသားစုသုံး ဘာသာစကား[များ]ကို ထိန်းသိမ်း၍ ဆက်လက်တိုးတက်အောင် လုပ်ရန်အတွက် ပူးပေါင်းဆောင်ရွက်၍ အားပေးပံ့ပိုးပေးရပါမည်။

## မူလတန်းအကြို ပညာရေးနှင့် စောင့်ရှောက်မှု ပတ်ဝန်းကျင်များတွင် အင်္ဂလိပ်စာကို ထပ်တိုးဘာသာစကားအဖြစ် တတ်မြောက်စေခြင်း

သင့်ကလေးသည် ဗစ်တိုးရီးယားပြည်နယ်သူ၊ ပြည်နယ်သား မူလတန်းအကြို ပညာရေးနှင့် စောင့်ရှောက်မှု ပတ်ဝန်းကျင်များတွင် အင်္ဂလိပ်စာ သင်ယူရန် အခွင့်အရေးများစွာ ရရှိပါမည်။ သုတေသန ပြုလုပ်ချက်အရ 'ကလေးများသည် အင်္ဂလိပ်စာ (သို့မဟုတ် အခြားဘာသာစကား) ကို ထိုဘာသာစကားနှင့် ထိတွေ့မှု၊ ရှင်းလင်းစွာ စံပြသုံးစွဲခြင်းနှင့် ဘာသာစကား သင်ကြားပေးခြင်းအပြင် ဘာသာစကား အသစ်ကို သင်ယူတတ်မြောက်ရန် သင့်လျော်သော အချိန် ရရှိခြင်းဖြင့် ထပ်တိုး ဘာသာစကားတစ်ခုအဖြစ် အောင်မြင်စွာ သင်ယူနိုင်သည်' (VEYLDF, 2016, pg. 22)။

ဘာသာစကားတစ်ခုကို သိခြင်းက အခြားဘာသာစကားများ မည်သို့အလုပ်လုပ်ကြောင်း နားလည်နိုင်ရန် ကလေးများကို အကူအညီဖြစ်စေနိုင်သည်။ ဘာသာစကားတစ်ခုတွင် ကလေးများ၏ တိုးတက်လာသော စွမ်းရည်များကို ဘာသာစကားအသစ်သို့ ကူးပြောင်းနိုင်သည်။ မိသားစုသုံး ဘာသာစကားကို သုံးခြင်းဖြင့် ကလေးများသည် ဘာသာစကားအသစ်၊ ထိုဘာသာစကား၏ စည်းကမ်းများနှင့် ဝေါဟာရကို နားလည်လာနိုင်သည်။ သင့်ကလေးသည် အင်္ဂလိပ် ဘာသာစကားသုံးသော ပတ်ဝန်းကျင်တွင် ရောက်ရှိနေထိုင်ပါက အင်္ဂလိပ်စကားကို အခြေအနေအမျိုးမျိုးတွင် ကြားနိုင်သည့် အခွင့်အရေး ရရှိပါမည်။ သူတို့သည် အခြားကလေးများနှင့် အတူတူ ကစားလိုပြီး ဆရာ၊ ဆရာမများက သင့်ကလေး အင်္ဂလိပ်စကား နားထောင်ပြီး လေ့ကျင့်ပြောဆိုနိုင်ရန် စံနမူနာကောင်းများနှင့် အခွင့်အရေးများစွာ ပေးပါမည်။

ဘာသာစကား စွမ်းရည်များသည် ကလေးတစ်ဦး၏ နဂိုအခံရှိသော ဘာသာစကား အတွေ့အကြုံများ၊ ဘာသာစကားအသစ်နှင့် ထိတွေ့မှုအပြင် သူတို့ သင်ယူနေသည့် ပတ်ဝန်းကျင်အသစ်များအလိုက် သင့်လျော်သည့် နှုန်းတစ်ခုဖြင့် တိုးတက်ပါသည်။ တစ်ချိန်တည်းတွင် ဘာသာစကားများစွာ သင်ယူနေသော ကလေးများသည် အချိန်ကာလတစ်ခုတိုင်အောင် ဘာသာစကားတစ်ခုကို အခြားတစ်ခုထက် ပို၍ ပြောနိုင်ပါသည်။ အစပိုင်းတွင် ကလေးများသည် စကားပြောချိန်တွင် ဘာသာစကားများကို ရောနှောပြောဆိုနိုင်သည်။ သူတို့သည် စကားလုံးတစ်ခုကို ဘာသာစကားတစ်ခုတွင်သာ သိပြီး အခြားဘာသာစကားတွင် မသိဘဲ ရှိနေနိုင်သည်။ သူတို့၏ စကားပြောသွက်ခြင်းကို ထိန်းသိမ်းရန် ကလေးများသည် သူတို့သိသော စကားလုံးများကို အသုံးပြုသည်။ ၎င်းမှာ ကလေးများက ဘာသာစကားများစွာ သုံးရသည့် အခြေအနေများတွင် သူတို့၏ ဘာသာစကားများကို သုံးခြင်းဖြင့် သဘာဝအလျောက် တိုးတက်လာသော ပြောင်းလွယ်ပြင်လွယ်သည့် စွမ်းရည်ဖြစ်သည်။

## သတိရပါ...

ဘာသာစကားအသစ်တစ်ခုကို ပြောဆိုရာ၌ သွက်လက်စေရန် တိုးတက်လာဖို့ အချိန်ယူရသည့်အတွက် ကလေးများသည် ထပ်တိုးဘာသာစကားတစ်ခုကို သင်ယူသည့် အဆင့်များကို ကျော်ဖြတ်ရာ၌ သူတို့၏ အနီးအနားရှိ လူကြီးများက ဖိအားမပေးဘဲ ပံ့ပိုးပေးမှုနှင့် အချိန် လိုအပ်ပါသည်။

ကလေးအားလုံးတွင် မိမိတို့၏ မိသားစုသုံး ဘာသာစကား[များ]ကို သုံးရန်နှင့် သင်ယူရန် အခွင့်အရေး ရှိသည် (UNCRC, 1989)။

## ကိုးကားချက်များ


ပညာရေးနှင့် လေ့ကျင့်ရေးဌာန၊ 2016။ *ဗစ်တိုးရီးယားပြည်နယ်သူ၊ ပြည်နယ်သား မူလတန်းအကြို သင်ယူရေးနှင့် တိုးတက်ရေး မူဘောင် (Victorian Early Years Learning and Development Framework)*။

UNICEF, 1989. ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ သဘောတူညီချက် (UNCRN)။